IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၂ – ဩဂုတ် ၂၀၁၁

မြန်မာ/ဗမာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့ကို မှီခိုသူများအတွက် မှတ်ပုံတင်အသစ်များကို ၂၀၁၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှ ဇူလိုင်လ ၁၄ ရက်နေ့အထိ ပြုလုပ်ပေး ခဲ့ပါသည်။ မြန်မာ/ဗမာနိုင်ငံမှရွှေ့ပြောင်းလုပ်သား ၆၄၈,၉၂၁ ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ၂၄၂,၄၂၉ ဦးနှင့်လာအိုနိုင်ငံမှ၁၀၄,၉၂၈ဦးအပါအဝင်စုစုပေါင်းရွှေ့ပြောင်းလုပ်သား၉၉၆,၂၇၈ဦး မှတ်ပုံတင်ခဲ့ကြပါသည်။ ရေလုပ်ငန်းမှ ရွှေ့ပြောင်းလုပ်သားများအတွက် မှတ်ပုံတင်ခြင်းကိုမူ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့အထိ ဆက်လက် ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

ဤကြေငြာချက်တွင် မှတ်ပုံတင်အသစ်ပြုလုပ်ရာမှ ရရှိလာသော ကိန်းဂဏန်းအချက်အလက်များနှင့် နောက်ဆုံး တိုးတက်မှုအခြေအနေ အသေးစိတ်တို့အပြင် ရွှေ့ပြောင်းလုပ်သားများအပေါ် အကျိုးသက်ရောက်လျက်ရှိသော အခြားအရေးကြီးသည့် လုပ်ထုံးလုပ်နည်းများလည်း ပါဝင်ပါသည်။

ရွှေ့ပြောင်းလုပ်သားများနှင့်၎င်းတို့ကိုမှီခိုသူများအတွက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း

အလုပ်ကြမ်းနှင့် အိမ်တွင်းမှုအလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်အသမားများနှင့် ၎င်းတို့ကို မှီခိုသူများ အတွက် မှတ်ပုံတင်အသစ်ပြုလုပ်ခြင်းကို ၂၀၁၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှ ဇူလိုင်လ ၁၄ ရက်နေ့အထိ ပြုလုပ်ပေးခဲ့ပြီး ရေလုပ်ငန်းမှ ရွှေ့ပြောင်းလုပ်သားများအတွက် မှတ်ပုံတင်ခြင်းကိုမူ ၂၀၁၁ ခုနှစ် ဩဂုတ်၁၃ရက်နေ့အထိဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။၂၀၁၁ခုနှစ်ဇူလိုင်လ၁၄ရက်နေ့အထိမှတ်ပုံတင်ပြီးစီးမှုအခြေအနေကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။မှတ်ပုံတင်ပြီးသောရွှေ့ပြောင်းလုပ်သားများ၏ကျန်းမာရေးဆေးစစ်မှုများနှင့်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(work permit) လျှောက်ထားခြင်းများကို စက်တင်ဘာလ ၁၂ ရက်နေ့နှင့် အောက်တိုဘာလ ၁၂ ရက်နေ့တို့အထိ အသီးသီး ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ (ရေလုပ်ငန်းမှ ရွှေ့ပြောင်းလုပ်သားများအတွက်မူ အောက်တိုဘာလ ၁၂ ရက်နေ့ နှင့် နိုဝင်ဘာလ ၁၁ ရက်နေ့တို့အထိ ဖြစ်ပါသည်။) ဤအကြိမ်မှတ်ပုံတင်ခြင်းဖြင့် ထိုင်းနိုင်ငံတွင်တရားဝင်စာရွက်စာတမ်းကိုင်ဆောင်ထားသောရွှေ့ပြောင်းလုပ်သားဦးရေနှစ်သန်းခန့် ဖြစ်လာခဲ့ပါသည်။ သို့ရာတွင် အသစ်မှတ်ပုံတင်ထားသော ရွှေ့ပြောင်းလုပ်သားများအတွက် ယာယီနိုင်ငံကူးလက်မှတ်ရရှိရေး (သို့) သက်သေခံကဒ်ပြားနှင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့်နှင့် နေထိုင်ခွင့်တို့ရရှိရန်အတွက် လုပ်ဆောင်ရမည့် အစီ အစဉ်များကိုမူ ရှင်းလင်းစွာဖော်ပြထားခြင်း မရှိသေးပါ။

ဇယား(၁) –– ၂၀၁၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှ ဇူလိုင်လ ၁၄ ရက်နေ့ အထိ လုပ်ငန်းရှင်များမှ မှတ်ပုံတင်စာရွက် စာတမ်းများ ပေးပို့ထားသော ရွှေ့ပြောင်း လုပ်သားများအရေအတွက်

နယ်မြေဒေသ	အလုပ်ရှင် ဦးရေ	ရွှေ့ပြောင်းဦးရေ	မြန်မာ/ ဗမာ	လာအိုနိုင်ငံသား	ကမ္ဘောဒီးယား
ထိုင်းနိုင်ငံ	၁၆၅,၉၈၀	၉၉၆,၂၇၈	၆၄၈,၉၂၁	၁၀၄,၉၂၈	၂၄၂,၄၂၉
ဘန်ကောက်	၃၉,၆၀၄	၁၇၄,၂၉၅	၉၈,၈၅၄	၃၀,၈၆၅	၄၄,၅၇၆
ဘန်ကောက်မြို့တော်	၃၂,၀၂၇	၂၄၉,၅၉၀	၁၆၉,၄၆၈	၂၃,၅၈၂	၅၆,၅၄၀
ထိုင်းနိုင်ငံ အလယ်ပိုင်း	၃၈,၁၃၀	၂၅၀,၅၄၄	၁၀၄,၆၃၇	၂၃,၂၄၃	၁၂၂,၆၆၄
ထိုင်းနိုင်ငံ မြောက်ပိုင်း	၂၂,၃၂၆	၁၁၆,၂၃၉	၁၁၀,၇၄၉	၄,၁၆၇	၁,၃၂၃
ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း	၇,၄၅၉	၂၄,၅၃၈	၅,၄၅၇	၁၁,၉၁၆	၇,၁၆၅
ထိုင်းနိုင်ငံ တောင်ပိုင်း	၂၆,၄၃၄	၁၈၁,၀၇၂	၁၅၉,၇၅၆	၁၁,၁၅၅	၁၀,၁၆၁

**နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးရုံး၊ အလုပ်အမားဝန်ကြီးဌာနမှ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် နောက်ဆုံးရရှိသည့် အချက်အလက်များ ဖြစ်ပါသည်။* with leading asterisk

<u>ပုံ(၁) – နယ်မြေဒေသအလိုက် ရွှေ့ပြောင်းလုပ်သားများ မှတ်ပုံတင်ပြီးစီးမှုပြပုံ</u>



<u>ပုံ(၂) – နိုင်ငံသားအလိုက် ရွှေ့ပြောင်းလုပ်သားများ မှတ်ပုံတင်ပြီးစီးမှုပြပုံ</u>



<u>မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် ယာယီနိုင်ငံကူးလက်မှတ်သက်တမ်း တိုးမြှင့်ခြင်း</u>

မြန်မာအစိုးရအနေဖြင့်နိုင်ငံသားဖြစ်ကြောင်းစစ်ဆေးအတည်ပြုပြီးသူများ၏ယာယီနိုင်ငံကူးလက်မှတ်သက်တမ်းများကို၂၀၁၁ခုနှစ်ဇူလိုင်လ၁ရက်နေ့မှစ၍၃နှစ်မှ ၆နှစ်သို့တိုးမြှင့်ပေးခဲ့ပါသည်။သုံးနှစ်နိုင်ငံကူးလက်မှတ်များကိုင်ဆောင်ထားပြီးသောရွှေ့ပြောင်းလုပ်သားများအနေဖြင့်နောက်သုံးနှစ်အတွက်ထပ်မံသက်တမ်း တိုး နိုင်ကြမည် ဖြစ်ပါသည်။

ယာယီနိုင်ငံကူးလက်မှတ်များ၏ သက်တမ်းကို တိုးမြှင့်ပေးခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားများသည် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်/နေထိုင်ခွင့်၏ သက်တမ်းအများဆုံးလေးနှစ်ကို နိုင်ငံကူးလက်မှတ် တစ်ခုတည်းဖြင့် အသုံးပြုနိုင်ရန် သေချာသွားပြီ ဖြစ်ပါသည်။ (အလုပ်လုပ်ကိုင်ခွင့် လက်မှတ်နှင့် နေထိုင်ခွင့် လက်မှတ်များသည်အစဦး သက်တမ်း ၂နှစ်နှင့် နောက်ထပ်သက်တမ်း ၂နှစ် တိုးနိုင်ပါသည်)။ ထို့ကြောင့် ၄င်းတို့၏ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အချိန်အထိထိုင်းနိုင်ငံတွင် ဆက်လက် လုပ်ကိုင်သွားနိုင်ပြီ ဖြစ်ပါသည်။ ယခင်ယာယီနိုင်ငံကူးလက်မှတ်စနစ်အရ မြန်မာ/ဗမာ

ရွှေ့ပြောင်းလုပ်သားများသည်သုံးနှစ်ကြာပြီးနောက်ယာယီနိုင်ငံကူးလက်မှတ်သက်တမ်းကုန်ဆုံးသွားသောအခါ(၎င်းတို့၏အလုပ်လုပ်ကိုင်ခွင့်/နေထိုင်ခွင့်လက်မှတ်တို့ သက်တမ်းမကုန်ဆုံးသေးသော်လည်း) နေရပ်သို့ပြန်၍ ယာယီ နိုင်ငံကူးလက်မှတ်ကို သက်တမ်းတိုးရန် လိုအပ်ပါသည်။

မြန်မာယာယီနိုင်ငံကူးလက်မှတ်များကို မြန်မာနိုင်ငံတွင် မြဝတီ၊ တာချီလိတ်၊ ကော့သောင်းနှင့် ထိုင်းနိုင်ငံရှိ ရနောင်းတို့တွင် ထုတ်ပေးနေပါသည်။

<u>ဝန်ကြီးများအဖွဲ့က ရွှေ့ပြောင်းလုပ်သားများအတွက် ပုဂ္ဂလိကအာမခံ ရံပုံငွေထားရှိရန် လက်ခံစဉ်းစားခြင်း</u>

၂၀၁၁ခုနှစ်ဇွန်လ၁၄ရက်နေ့တွင်ထိုင်းဝန်ကြီးများအဖွဲ့ကအလုပ်သမားဝန်ကြီးဌာနမှတင်ပြသောရွှေ့ပြောင်းလုပ်သား များအား လုပ်ငန်းခွင်မတော်တဆမှုများနှင့်ဖျားနာမှုများအတွက်ထောက်ပံ့ပေးရန်ပုဂ္ဂလိကအာမခံရံပုံငွေတစ်ရပ်တည်ထောင်ထားရှိရန်အဆိုပြုချက်ကို အသိအမှတ်ပြုခဲ့သည်။ အထက်ပါ အဆိုပြုချက်တွင် ထိုင်းနိုင်ငံသို့တရားမဝင်ဝင်ရောက်လာပြီးယာယီနေထိုင်ရန်နှင့်အလုပ်လုပ်ကိုင်ရန်မှတ်ပုံတင်ထားသောရွှေ့ပြောင်းလုပ်သားများအားလုံးအတွက် လုပ်ဆောင်ပေးရန်ပါဝင်ပါသည်။[၁] အလုပ်သမားဝန်ကြီးဌာနက ပုဂ္ဂလိကအာမခံမူကြမ်း၏ အသေးစိတ်အချက်အလက်များပါဝင်သည့် တရားဝင် ကြေငြာချက်တစ်စောင် ထုတ်ပြန်လိမ့်မည် ဖြစ်ပါသည်။

အလုပ်သမားဝန်ကြီးဌာနသည် ထိုင်းနိုင်ငံတွင်ယာယီနေထိုင်ခွင့်နှင့်အလုပ်လုပ်ကိုင်ခွင့် ရရှိထားပြီးဖြစ် သော်လည်း အလုပ်သမားနစ်နာကြေးရံပုံငွေ သို့မဟုတ် လူမှုဖူလုံရေးရံပုံငွေများအား အကျိုးခံစားခွင့် မရကြသေးသော ရွှေ့ပြောင်း လုပ်သားများအတွက် အာမခံစနစ်အသစ်အား တွန်းအားပေးလျက်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ အထွေထွေကျန်းမာရေးစောင့်ရှောက်မှုအစီ အစဉ်ဖြင့် အထွေအထွေဖျားနာမှုများအတွက် ကုသမှုခံယူနိုင်သော်လည်း လုပ်ငန်းခွင်ထိခိုက်မှုများအတွက်မူ အဆိုပါအစီအစဉ်တွင် မပါဝင်ပါ။

၁၉၉၄ခုနှစ် အလုပ်သမားနစ်နာကြေးအက်ဥပဒေအရ အလုပ်သမားများရသင့်ရထိုက်သော အခွင့်အရေးများကို အပြည့်အဝခံစားနိုင်ရေးအတွက် ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ပြီးသော ရွှေ့ပြောင်းလုပ်သားများသည် အကာ အကွယ်နှင့် အကျိုးခံစားခွင့်များကို ထိုင်းနှင့် သဘောတူစာချုပ်။နိုင်စစ် ရွှေ့ပြောင်းလုပ်သားများနည်းတူ အလုပ်သမားနစ်နာကြေးရံပုံငွေအောက်တွင် အကျိုးခံစားရနိုင်ရန် ပုဂ္ဂလိကအာမခံစနစ်ကို အလုပ်ရှင်များ ပေးဆောင်သောအာမခံကြေးဖြင့် ရယူနိုင်ရန် သဘောတူထားကြသည်။

<u>ပြည်ထဲရေးဝန်ကြီးဌာနမှ လူကုန်ကူးခံရသူများကို ထိုင်းနိုင်ငံတွင်နေထိုင်ခွင့်ပြုခြင်း</u>

၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ လူကုန်ကူးခံရသော သားကောင်အချို့ အား ထိုင်းနိုင်ငံတွင် ယာယီနေထိုင်ခွင့်ပြုကြောင်း ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ နေထိုင်ခွင့် ရရှိထားသော ရွှေ့ပြောင်းလုပ်သားများကို စုံစမ်းစစ်ဆေးရေးအရာရှိများက ၂၀၀၈ ခုနှစ် လူကုန်ကူးမှုဆန့်ကျင်ရေးအက်ဥပဒေအရ လူကုန်ကူးမှု၏ သားကောင် ဟုတ်မဟုတ် ခွဲခြားစိစစ်သွားမည် ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် လူမှုဘဝဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးဌာန၊ လူမှုဖွံ့ဖြိုးရေးနှင့် လူသား များဘဝလုံခြုံရေးဝန်ကြီးဌာန၏ အကူအညီနှင့် အကာအကွယ်ပေးမှုကို လက်ခံရယူလိုကြောင်း အောက်ပါ အတိုင်း ဖော်ပြရမည် ဖြစ်ပါသည်–

၁။ လူကုန်ကူးမှုဆန့်ကျင်ရေးအက်ဥပဒေအရ တရားခံများအား ဥပဒေကြောင်းအရ တရားစွဲဆိုခြင်း (သို့မဟုတ်)

၂။ ဆေးဝါးကုသမှုခံယူခြင်း၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်တည်ဆောက်ရေး (သို့) လူကုန်ကူးခြင်း၏အခြားနည်းလမ်းများကြောင့် သားကောင်ဖြစ်ခဲ့ရသူများ၏ အခွင့်အရေးများ တောင်းဆိုခြင်း

လူမှုဘဝဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးဌာနသည် လွှတ်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းရေးမှူးသို့ စစ်ဆေးရေးအရာရှိများ၏ ထိုရွှေ့ပြောင်းလုပ်သားများအပေါ် လူကုန်ကူးခံရသူများ အဖြစ် စိစစ်သတ်မှတ် ပေးထားသည့် သက်သေခံအချက်အလက်များအပါအဝင် ဖလထက် မကျော်သည့်နေထိုင်ခွင့်ကာလအကြံပြုချက်ကိုတင်ပြရန်လိုအပ်လျက် ရှိပါသည်။ ပါလီမန်အတွင်းရေးမှူး၏ အတည်ပြုချက်ဖြင့် ရွှေ့ပြောင်းလုပ်သားများသည် မှတ်ပုံတင်ပေးသည့် အရာရှိများအား သက်သေခံစာရွက်စာတမ်းများ ထုတ်ပေး နိုင်ရန် သတင်းပို့ကြရမည် ဖြစ်ပါသည်။

ရွှေ့ပြောင်းလုပ်သားသည်အလုပ်လုပ်ကိုင်ခွင့်ကိုလည်းတောင်းခံနိုင်ပါသည်။လုပ်ငန်း၏အခြေအနေများကိုအလုပ်သမားဝန်ကြီးဌာန၊အလုပ်အကိုင်ခန့်ထားရေးဌာနမှသတ်မှတ်ပေးသွားမည်ဖြစ်ပါသည်။အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်းသည် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော နေထိုင်ခွင့်ကာလထက် မကျော်လွန်ပါ။

---

[၁] နိုင်/စစ်ပြုလုပ်ပြီးသော ရွှေ့ပြောင်းလုပ်သားများ သို့မဟုတ် သဘောတူစာချုပ်ချုပ်ထားသော မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယားများကို အလုပ်သမားနစ်နာကြေးရံပုံငွေကို အကျိုးခံစားခွင့်ပြုထားပါသည်။

<u>ကိန်းဂဏန်းအချက်အလက်များ</u>

- **သဘောတူစာချုပ်အရ ၂၀၁၀ ခုနှစ် အောက်တိုဘာလမှ ၂၀၁၁ ခုနှစ် ဇွန်လအထိ စုဆောင်းရရှိသောရွှေ့ပြောင်းလုပ်သားအရေအတွက် စုစုပေါင်း**

နိုင်ငံသား	**ထိုင်းနိုင်ငံတွင်အလုပ်လုပ်ခွင့်ပြုထားသော အလုပ်သမား အရေအတွက်**	**ထိုင်းနိုင်ငံသို့အလုပ်လုပ်ကိုင်ရန်ဝင်ရောက်ခွင့်ပြုထားပြီးအလုပ်လုပ်ခွင့် လက်မှတ် ရရှိထားပြီးသော ရွှေ့ပြောင်းလုပ်သား အရေအတွက်**
ကမ္ဘောဒီးယား	၃၇,၁၄၀	၃၁,၃၂၇
လာအို	၆,၈၄၉	၆,၃၀၀
မြန်မာ/ဗမာ	၃,၀၁၈	၁,၃၆၇
စုစုပေါင်း	၄၇,၀၀၇	၃၈,၉၉၄

ထိုင်းနိုင်ငံ နိုင်ငံခြားသား အလုပ်သမားများအုပ်ချုပ်ရေးရုံး၊ အလုပ်အကိုင်ခန့်ထားရေးဌာန၊ အလုပ်သမားဝန်ကြီးဌာနမှ ရယူထားခြင်းဖြစ်ပါသည်။
**၂၀၁၁ ခုနှစ် ဇွန်လတွင် နောက်ဆုံးရရှိသည့် အချက်အလက်များဖြစ်ပါသည်။*

- **၂၀၁၁ ခုနှစ်အတွင်း နိုင်ငံသားစိစစ်အတည်ပြုခြင်း (နိုင်/စစ်) လုပ်ငန်းစဉ် ဆောင်ရွက်မှု အခြေအနေ**

နိုင်ငံသား	၂၀၁၀ခု ဖေဖော်ဝါရီလအတွက် နိုင်/စစ် ပြုလုပ်နိုင်သော ရွှေ့ပြောင်းလုပ်သား အရေအတွက်	၂၀၁၀မတ်လနှင့် ၂၀၁၁ဇူလိုင်လကြား နိုင်/စစ် ပြုလုပ်ပြီးစီးခဲ့သော ရွှေ့ပြောင်းလုပ်သား အရေအတွက်	နိုင်/စစ် ပြုလုပ်ပြီး၍ အလုပ်ပါမစ် ရရှိထားသော ရွှေ့ပြောင်းလုပ်သား အရေအတွက်	နိုင်/စစ် မပြုလုပ်ရသေးသော ရွှေ့ပြောင်းလုပ်သား အရေအတွက်
ကမ္ဘောဒီးယားလူမျိုး	၅၆,၄၇၉	၂၉,၂၇၄	၂၈,၄၂၄	၂၇,၂၀၅
လာအိုလူမျိုး	၆၂,၇၉၂	၃၄,၉၉၉	၃၀,၉၉၇	၂၇,၇၉၃
မြန်မာ/ဗမာလူမျိုး	၈၁၂,၉၈၄	၄၅၄,၅၅၈	၃၁၉,၀၀၆	၃၅၈,၄၂၆
စုစုပေါင်း	၉၃၂,၂၅၅	၅၁၈,၈၃၁	၃၇၈,၄၂၇	၄၁၃,၄၂၄

ထိုင်းနိုင်ငံနိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံး၊အလုပ်အကိုင်ခန့်ထားရေးဌာန၊အလုပ်သမားဝန်ကြီးဌာနမှရယူထားခြင်းဖြစ်ပါသည်။
နိုင်/စစ် အချက်အလက်များကိုအလုပ်သမားဝန်ကြီးဌာနမှရယူထားခြင်းဖြစ်ပါသည်။
**၂၀၁၁ခုနှစ်ဇွန်လတွင်နောက်ဆုံးရရှိသည့်အချက်အလက်များဖြစ်ပါသည်။*

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကိုရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊အိုင်အိုအမ်ထိုင်းနိုင်ငံရုံးခွဲမှထုတ်ဝေသည်။
အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုံး -၀၂-၃၄၃၉၃၉၉ (သို့မဟုတ်) e-mail: migrantnews@iom.int. *သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။*

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို အောက်ပါ အင်တာနက်စာမျက်နှာမှ ဆွဲယူဖတ်ရှုနိုင်ပါသည်။
http://203.155.51.53/iomthailand/index.php?option=com_docman&task=doc_details&gid=58&Itemid=4